ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူလေ
www.knuhq.org

# (၁၇) ကြိမ်မြောက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကွန်ကရက်
# ထုတ်ပြန်ကြေညာချက်

၂၀၂၃ ခုနှစ်၊ မေလ(၅)ရက်

၁။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ (၁၇)ကြိမ်မြောက်ကွန်ကရက်ကို ၂၀၂၃ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့မှ မေလ(၄)ရက်နေ့ အထိ KNU ဗဟိုဌာနချုပ် နှင့် ခရိုင်အသီးသီးရှိ ကွန်ကရက် ခန်းမများ အတွင်း Online နည်းစနစ် ဖြင့် အောင်မြင်စွာ ကျင်းပပြီးစီခဲ့ပါသည်။

၂။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (၁၇)ကြိမ်မြောက် ကွန်ကရက်ကို ၂၀၂၁ ခုနှစ် ဇွန်လ တွင် ကနဦးကျင်းပရန် သတ်မှတ်ထားရှိခဲ့ပါသည်။ သို့သော် Covid-19 ကပ်ရောဂါနှင့်အတူ စစ်တပ် အာဏာသိမ်းယူမှု နှင့် နောက်ဆက်တွဲစိန်ခေါ်မှုများကြောင့် သတ်မှတ်အချိန်အတွင်း ပြုလုပ်နိုင်ခြင်း မရှိခဲ့ရာမှ နောက်ဆုံး ကွန်ကရက်ကို အဆင့်(၃)ဆင့် ဖြင့် ပြုလုပ်ကျင်းပခဲ့ရပါသည်။ ကွန်ကရက်၏ တတိယ အဆင့်တွင် နောက်ဆုံးတက်ရောက်သူ ကိုယ်စားလှယ် စုစုပေါင်း (၁၆၀)ဦး တက်ရောက် ကာ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။

၃။ (၁၆)ကြိမ်မြောက်ကွန်ကရက်သက်တမ်း ကာလတလျှောက်တွင် အကောင်အထည်ဖော် ဆောင်ရွက် ခဲ့သည့် ဗဟိုအမြဲတမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် နိုင်ငံရေးအစီရင်ခံစာများ၊ ခရိုင်၊ ဌာနနှင့် ကော်မတီအသီးသီးတို့၏ လုပ်ငန်းအစီရင်ခံစာတို့ကိုလည်း သုံးသပ်အတည်ပြုခြင်း၊ ဗဟိုအမြဲတမ်းကော်မတီမှ ပြင်ဆင်ဖြည့်စွက်ပြီး တင်သွင်းခဲ့သော ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ နည်းဥပဒေ၊ ကရင့်အမျိုးသား တော်လှန်ရေး၏ အခြေခံ လမ်းစဉ်နှင့်လုပ်ငန်းစဉ်များ၊ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ ရှေ့လုပ်ငန်းစဉ်များကို အတည်ပြု ချမှတ်နိုင်ခဲ့ပါသည်။

၄။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ (၁၇)ကြိမ်မြောက် ကွန်ကရက်မှ ဗဟိုအမြဲတမ်း ကော်မတီ အဖွဲ့ဝင်(၄၅)ဦး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ(၁၁)ဦးနှင့် ဗဟိုတရားသူကြီးချုပ် (၁)ဦး ကို ရွေးကောက် တင်မြှောက်ခဲ့ပါသည်။

ကွန်ကရက်က ရွေးချယ်သော ဗဟိုအလုပ်အမှုဆောင်ကော်မတီအသစ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | |
|---|---|
| ၁။ ပဒိုစောကွယ်ထူးဝင်း | ဥက္ကဋ္ဌ |
| ၂။ ပဒိုစောဆဲဂေ | ဒု-ဥက္ကဋ္ဌ |
| ၃။ ပဒိုစောတာဒိုမူး | အထွေထွေအတွင်းရေးမှူး |
| ၄။ ပဒိုစောသောသီဘွဲ | တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ |
| ၅။ ပဒိုစောလှထွန်း | တွဲဖက်အထွေထွေအတွင်းရေးမှူး-၂ |
| ၆။ ဗိုလ်ချုပ်ကြီးစောဂျော်နီ | ကော်မတီအဖွဲ့ဝင် |
| ၇။ ဗိုလ်မှူးချုပ်စောတာမလာသော | ကော်မတီအဖွဲ့ဝင် |
| ၈။ ပဒိုနော်ဒါးဒါး | ကော်မတီအဖွဲ့ဝင် |
| ၉။ ပဒိုစောတောနီး | ကော်မတီအဖွဲ့ဝင် |
| ၁၀။ ပဒိုစောအယ်ကလူစေး | ကော်မတီအဖွဲ့ဝင် |
| ၁၁။ ပဒိုစောလောအယ်မူး | ကော်မတီအဖွဲ့ဝင် |

၅။ ကွန်ကရက်မှ မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဖက်ဒရယ် ဒီမိုကရေစီစနစ် ထူထောင်ရေး၊ မိမိတို့ ကရင်အမျိုးသားများတို့၏ ရသင့်ရထိုက်သော အမျိုးသား တန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် အခွင့်အရေးများ ရရှိရေးအတွက် ချမှတ်ထားသော အခြေခံလမ်းစဉ်၊ လုပ်ငန်းစဉ် နှင့် ရှေ့လုပ်ငန်းစဥ်များအတိုင်း ကရင်တမျိုးသားလုံးနှင့် အတူတကွ ရပ်တည်လုပ်ဆောင် သွားကြရန် သံဓိဋ္ဌာန်ပြု ခဲ့ကြပါသည်။

၆။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် ဆန့်ကျင်တိုက်ဖျက်ပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်ရေး၊ ဒီမိုကရေစီရေး၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် တိုက်ပွဲဝင်နေကြသော တိုင်းရင်းသား တော်လှန်ရေးအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများ၊ လူထုလူတန်းစား အသီးသီး နှင့် အတူ လက်တွဲညီစွာပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်

ဆက်သွယ်ရန်

- ပဒိုစောကလယ်စေး ( +၆၆ ၆၄၉၀၃၀၃၄၀)